# ထန်တလန်မြို့ပေါ်ရှိ နေအိမ်များနှင့် ဘာသာရေးအဆောက်အအုံများအား PDF အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီးမှုများ ဆက်လက်လုပ်ဆောင်

နေပြည်တော် နိုဝင်ဘာ ၁၀

အကြမ်းဖက်အဖွဲ့ဖြစ်သည့် NUG အဖွဲ့သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသခံ ပြည်သူလူထုအတွက် လမ်းပန်းဆက်သွယ်ရေး နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အလေးထား အသုံးပြုလျက်ရှိသော လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ ပြည်သူလူထုကို စိုးရိမ်ထိတ်လန့်စေပြီး မြို့၊ ရွာများတွင် မနေထိုင်ရဲစေရေး မြို့၊ ရွာများအား မီးရှို့ဖျက်ဆီးခြင်းများအပြင် ဒလန်ဟုစွပ်စွဲ၍ သတ်ဖြတ်ခြင်းများကိုပါ ကျူးလွန် လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။



ထန်တလန်မြို့ပေါ်ရှိ ဘာသာရေးအဆောက်အအုံများကို PDF အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

### မီးရှို့ဖျက်ဆီး


ထိုအကြမ်းဖက် လုပ်ရပ်များအနက် NUG အကြမ်းဖက်အဖွဲ့၏ ဩဇာခံအဖွဲ့ဖြစ်သော ဒေသခံ PDF အကြမ်းဖက်အဖွဲ့သည် နိုဝင်ဘာ ၈ ရက် နံနက် ၂ နာရီခွဲခန့်တွင် ထန်တလန်မြို့ အမှတ်(၃) ရပ်ကွက်ရှိ နေအိမ် သုံးလုံး (ကာလတန်ဖိုးငွေကျပ် ၂၈ သိန်းကျော်)ကိုလည်းကောင်း၊ နိုဝင်ဘာ ၉ ရက် ည ၉ နာရီခန့်တွင် နေအိမ် ၁၅ လုံး (ကာလတန်ဖိုးငွေကျပ် သိန်း ၄၈၀ ကျော်)ကိုလည်းကောင်း အကြောင်းမဲ့ ထပ်မံမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၆ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် ချင်းပြည်နယ် ထန်တလန်မြို့ရှိ နယ်မြေခံ လုံခြုံရေးစခန်းအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် တောင်ဘက်သို့ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ထွက်ပြေးရာ လမ်းတစ်လျှောက်ရှိ ဈေးဆိုင်တန်း ခြောက်လုံးနှင့် နေအိမ်တစ်လုံးတို့ကို မီးရှို့ဖျက်ဆီးခဲ့သည်။

အကြမ်းဖက်အဖွဲ့ ဖြစ်သည့် NUG အဖွဲ့သည် ၎င်းတို့၏ မူလရည်ရွယ်ချက်ဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်ပျက်ပြားစေရန် လေလှိုင်းမှတစ်ဆင့် မြှောက်ပင့်သွေးထိုး၍ ဝါဒဖြန့်ချိကာ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုရင်း၍ နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများ ရရှိစေရန်နှင့် နိုင်ငံအပေါ် အထင်အမြင် လွဲမှားမှုများဖြစ်ပေါ်လာစေရန် လုပ်ဆောင်လျက်ရှိရာ ဒေသတွင်း တည်ငြိမ်အေးချမ်းမှု ရရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှု ရှိစေရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိရောက်စွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့နှင့် စစ်တွေမြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



သိန်းလွင်၊ မခင်အေး၊ သိန်းလှိုင်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်နေ မခင်အေး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သိန်းလွင်ကိုတွေ့ရပြီး ဘိန်းဖြူသုည ဒသမ ၂၁ ကီလိုကိုလည်းကောင်း။

ကွင်းဆက်အရ ညနေ ၅ နာရီ ၄၅ မိနစ်တွင် လယ်ကုန်းရပ်ကွက်နေ သိန်းလှိုင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလိုကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်တွေမြို့ မင်းဂံရပ်ကွက်နေ မောင်ဖြူ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၆၅ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

○အကြမ်းဖက်သမားများမှ လုပ်ကြံသတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများအား မိုင်းထောင်ဖောက်ခွဲခြင်းတို့အထိပါ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိကြသည်။

### ကျရောက်ပေါက်ကွဲ

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အင်းဒိုင်းကုန်းရပ်ကွက်ရှိ အမှတ်(၉) အခြေခံပညာ ကျောင်းဝင်းအတွင်းသို့ အကြမ်းဖက်သမားနှစ်ဦးက ဆိုင်ကယ်ဖြင့် လာရောက်၍ လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ခဲ့ရာ ကျောင်းဝင်းအတွင်းရှိ မုန့်ဆိုင်တန်းအဟောင်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။

အလားတူ နိုဝင်ဘာ ၈ ရက် ည ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် ကချင်ပြည်နယ် မံစီမြို့နယ် မံဝိန်းလေးကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ ဆရာ ဆရာမများ နေထိုင်ရန် ဆောက်လုပ်ထားသည့် အဆောက်အအုံ နှစ်လုံးအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နိုဝင်ဘာ ၉ ရက် နံနက် ၁ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း နှစ်ခန်းတွဲ မြေစိုက်အဆောက်အအုံ တစ်လုံး မီးလောင်ပျက်စီးခဲ့သည်။

ထို့ပြင် နိုဝင်ဘာ ၉ ရက် ည ၉ နာရီခွဲခန့်တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာရှိ တိုးမာလာ အခြေခံပညာ မူလတန်းကျောင်း၏ နှစ်ထပ်ကျောင်းဆောင် အနောက်ဘက် လှေကား၌ အဝတ်စ တစ်စ မီးလောင်နေသည်ကို တွေ့ရသဖြင့် ပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ပြီး ကျောင်းပေါ်သို့ ကြည့်ရှုခဲ့ရာ ကျောင်းအပေါ်ထပ် ဝရန်တာရှိ သစ်သားကြမ်းခင်းများပေါ်တွင် ဒီဇယ်ဆီများ လောင်းထားသည်ကို တွေ့ရှိခဲ့ရသည်။

အဆိုပါ ဖြစ်စဉ်များနှင့်ပတ်သက်၍ ကျောင်းနေအရွယ် ကလေးသူငယ်များ ပညာသင်ကြားလျက်ရှိသည့် စာသင်ကျောင်းများ၊ ဆရာ ဆရာမများ နားနေဆောင်များနှင့် ပြည်သူများပိုင်ဆိုင်သည့် နေအိမ်များအား မီးရှို့ဖျက်ဆီးမှုများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

